## ပဟေဠိ ရွေးချယ်ရန် ၁ - ရိုးသားဖြောင့်မတ်မှုကို ထူထောင်ခြင်း (ဘရာဇီး)

ဘရာဇီးအစိုးရ ကျင့်ဝတ် ကော့စ်သည် institutional traps အဖွဲ့အစည်းဆိုင်ရာ ထောင်ချောက်များအား ဆန်းစစ်နိုင်စေပြီး ထိုအုပ်ချုပ်မှုပိုင်းဆိုင်ရာ ပြဿနာကို ဖြေရှင်းရန် နည်းလမ်းများကို ဖော်ပြထားသည်။
မှတ်သားရန် - အဖြစ်နိုင်ဆုံးအဖြေကိုသာရွေးချယ်ပါ။ အချို့အဖြေများမှာ လုံးလုံး အမှားမဟုတ်ပါ။ ထို့ထက်ပိုကောင်းသည့် အဖြေရှိနိုင်ပါသည်။ ပဟေဠိများနှင့် ပတ်သက်သည့် ဖြေရှင်းချက်များနှင့် အဖြေများအတွက် discussion forum သို့သွားပါ (ပို့စ်အသစ်တင်တိုင်း ပဟေဠိများ၏ ခေါင်းစဉ် "ပဟေဠိ ဆွေးနွေးရန်" တွင် တင်ပါ။)
မှတ်သားရန် - ပဟေဠိများကို မဖြေမီ ကော့စ်အား ဖတ်ပါ။

ရိုးသားဖြောင့်မတ်မှုကို ထူထောင်ခြင်း၊ နှုန်းစံများကို ပြောင်းလဲခြင်း

ပဟေဠိ ရွေးချယ်ရန် - ဘရာဇီး
၅မှတ် (အမှတ်ပေး)
Fernando Henrique Cardoso သည် ဘရာဇီးနိုင်ငံတွင် ၁၉၉၅ခုနှစ်တွင် ပထမဆုံး သမ္မတအဖြစ် ရွေးကောက်ခံရသည်။ သူသည် ပြုပြင်ပြောင်းလဲရေး သမားအဖြစ် အစိုးရအဖွဲ့တွင်းဝင်ရောက်လာသည်။ သူ၏ ပထမဆုံး စိန်ခေါ်မှုများမှာ အဂတိလိုက်စားမှုကို လျှော့ချရန်ဖြစ်သည်။ အဂတိ လိုက်စားမှု ပြဿနာများ ပေါ်ပေါက်လာရသည့်အကြောင်းရင်းများမှာ ပြည်သူအတွက် တာဝန်ထမ်းဆောင်ရမည့်သူများသည် သူတို့ဆုံးဖြတ်ချက်များချပြီး မိမိတို့ ကိုယ်ကျိုးအတွက် အသုံးပြုကြသည်။ ၄င်းတို့ ပြည်သူတာဝန်ထမ်းဆောင်ရာတွင် အကျိုးစီးပွား ပဋိပက္ခများရှိနေသည်။ အောက်ပါတို့မှ မည်သည်ဖော်ပြချက်များသည် အကျိုးစီးပွား ပဋိပက္ခမဟုတ်သနည်း။

- ဂန်ထမ်းတစ်ယောက်သည် ရွေးချယ်ခန့်ထားရေးနှင့် ရာထူးတိုးရေးတွင် တာဝန်ယူရသည်။ သူသည် မိသားစုဝင်များ၊ သူငယ်ချင်းများအား အခြားသူများထက်စာလျှင် ခန့်ထားရန်၊ ရာထူးတိုးရန် စဉ်းစားသည်။
- ဥပဒေပြုသမားတစ်ယောက်သည် မဲပေးသူ ပြည်သူတစ်ယောက်ထံမှ ဖုန်းရသည်။ မဲပေးသူက ပြည်သူ့ဂန်ထမ်းအလုပ်နေရာ လျှောက်ထားရန်အတွက် သတင်းအချက်အလက်များကို မေးမြန်းသည်။
- အစိုးရ အရာရှိတစ်ယောက်သည် ဂန်ဆောင်မှု ဂယ်ယူရသည့် အစိုးရကန်ထရိုက်များကို သုံးသပ်ရသည်။ ကုမ္ပဏီများသည် ထောက်ပံ့သူများဖြစ်ပြီး ပိုင်ရှင်များမှာ သူငယ်ချင်းများဖြစ်နေသည်။ အဆိုပါ အရာရှိသည် ထို ကန်ထရိုက်များအား အခြားယှဉ်ပြိုင်သူများနှင့် ယှဉ်တွဲ စဉ်းစားသည်။
- မြူနီစီပယ် ဂနထမ်းများသည် ကုမ္ပဏီကြီးများနှင့် NGOများမှ အားကစားပွဲ လက်မှတ်များရရှိသည်။ အဆိုပါ အဖွဲ့အစည်းများသည် မြူနီစီပယ်အစိုးရပေးနေသော ဂန်ဆောင်မှုများနှင့် ပတ်သက်ပြီး တခါတရံ တောင်းဆိုကြသည်။ ဖုန်များ၊ အဆောက်အဦး ဆောက်လုပ်ခွင့်များ၊ ပိုင်ဆိုင်မှုများ၊ ဘေးအန္တရာယ်ကင်းရေး လမ်းညွှန်မှုများ စသည်တို့ဖြစ်သည်။

**မေးခွန်း၂**

အောက်ပါတို့မှ မည်သည့်ဖော်ပြချက်သည် အဖွဲ့အစည်းဆိုင်ရာ ထောင်ချောက် institutional trap (spoiler trap)ကို ဖော်ပြနေသနည်း။

- အစကနဦးကတည်းက ကော်မရှင် အကြပ်အတည်းကိုရင်ဆိုင်ရသည်။ အလွန်တင်းကျပ်လျှင် ပြည်သူ့ဂန်ထမ်းများ အထီးကျန်နိုင်သကဲ့သို့ ဖြေလျှော့လျှင်လည်း ရည်ရွယ်ချက်နှင့် ထိရောက်မှု

မရှိနိုင်ပေ။ ပြည်သူ့ဂန်ထမ်းများ၏ ယုံကြည်မှုကို ဆက်လက်ရရှိရန်နှင့် တာဂန်များ ပြည့်မီရန် ကော်မရှင်သည် စောင့်ကြည့်သူ watchdog နှင့် ပူးပေါင်းဆောင်ရွက်သူ collaborator ကို ထိန်းညှိရန် လိုအပ်သည်။ Telxeira da Costa က ပြောသည်မှာ သင်က တစ်ခုခု လုပ်မယ်ဆိုရင် အစွန်းရောက်လမ်းကို မရွေးဖို့လိုပါတယ်။ ကျွန်တော်တို့က လက်တွေ့ကျပြီး ထိန်းညှိဖို့ လိုပါတယ်။ ကျွန်တော်တို့ အရမ်းတင်းကျပ်လျှင် ပြည်သူများက မလေးစားနိုင်ပါ။ ကျွန်တော်တို့အရမ်းပေါ့လျော့လျှင်လည်း ကျွန်တော်တို့ကို နင်းသွားမှာဖြစ်ပြီး မထိရောက်နိုင်ပါ။

- ဘရာဇီး နိုင်ငံရေးယဉ်ကျေးမှုတွင် အထူးအကျိုးစီးပွားများသည် ပြန့်နှံ့နေသည်။ အရာရှိများသည် တန်စိုးလက်ဆောင်များအား လက်ဆောင်များအဖြစ် လက်ခံပြီး မိသားစုဂင်များအား အလုပ်ပေးခြင်းသည် သမားရိုးကျဖြစ်နေသည်။ အထူးအခွင့်အရေးရသော လူများနှင့် ကုမ္ပဏီများက အဆိုပါ ပြဌာန်းချက်အသစ်ကို ထုတ်ပြန်ရန် တားမြစ်နိုင်သည်။
- အမှန်တရားအတိုင်းလုပ်ဆောင်ခြင်းသည် တခါတရံ ရူးသွပ်မှု၊ ရိုင်းပြမှု၊ စော်ကားမှုအဖြစ် သတ်မှတ်ကြသည်။

မေးခွန်း၃

အင်ဒိုနီးရှား အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ကေ့စ်တွင် အချို့နိုင်ငံခေါင်းဆောင်များသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေများကို ပြဌာန်းခြင်းသည် စားနေကျငါးကြီးများ၏ အမူအကျင့်များအား ပြောင်းလဲရန် မဖြစ်မနေလိုအပ်သည်ဟု ယူဆကြသည်။ အခြားတဖက်တွင်လည်း Cardoso အဖွဲ့က ပိုမို ပျော့ပြောင်းသည့် နည်းလမ်းကိုသုံးရန ဆုံးဖြတ်ကြသည်။ အောက်ပါတို့မှ မည်သည့်အချက်များသည် ပြည်သူများက ၎င်းတို့၏ မူဂါဒကို ပျော့ပြောင်းသည်ဟု ပြောဆိုကြသည့် အချက်များဖြစ်သနည်း။

- ကော်မရှင်သည် အထိခိုက်အခံရဆုံး ပြည်သူ့အေဂျင်စီများကို အနီးကပ် စောင့်ကြည့်သည့် ပုံစံတစ်ခုကို အကောင်အထည်ဖော်ခဲ့သည်။
- ကော်မရှင်သည် ပြည်သူများအား အချိန်ပေးခဲ့သည်။ ဥပဒေတ်ခုပြဌာန်းခဲ့ပြီး ကြေငြာခဲ့သည်။ အဆိုပါ ဥပဒေတွင် တစ်ဦးချင်း၏ ပိုင်ဆိုင်မှုများကို ကြေငြာစေပြီး အကျိုးစီးပွား ပဋိပက္ခကိုလျှော့ချခဲ့သည်။ ၃ချက် မူဂါဒဖြင့် ဖမ်းဆီးစစ်ဆေးခြင်း မပြုခင် သတိပေးခြင်းများ ပြုလုပ်ခဲ့သည်။
- သမ္မတနှင့် ကော်မရှင်အဖွဲ့ဂင်များသည် မီဒီယာများနှင့် အတူတကွ အလုပ်လုပ်ပြီး ပြည်သူများသည် မူဂါဒအပြောင်းအလဲများ သိရှိနိုင်ရန်နှင့် လက်တွေ့မကျင့်သုံးမီ သိနိုင်ရန် ဆောင်ရွက်ခဲ့သည်။

မေးခွန်း၄

လူများက ဥပဒေများသည် အပြုအမူများ ပြောင်းလဲရန် အားနည်းနေသေးသည်ဟု ယူဆကြသည်။ ဘရာဇီးတွင် ကျင့်ဂတ်ဥပဒေများ အရေးကြီးသည်မှာ အဘယ်ကြောင့်နည်း။ ကေ့စ်တွင် ထိုအဖြေကို တိုက်ရိုက်မဖော်ပြထားပါ။ သို့သော် သင်သည် အချက်အလက်များကို ဖတ်ရှုပြီးနောက် အောက်ပါတို့မှ မည်သည့်အချက်သည် ဥပဒေ မဖန်တီးနိုင်သည့် အကြောင်းပြချက်မဟုတ်သနည်း။

- ပြည်သူများသည် စည်းမျဉ်းများအား သိရှိပြီး သတိပြုမိမှသာ အမှားလုပ်မိလျှင် အရေးယူရန် သင့်လျော်သည်။
- စည်းမျဉ်းများအား ဥပဒေနှင့် အလေ့အကျင့်များ အဖြစ်ပြောင်းလဲခြင်းနှင့် စည်းကမ်းများဖြစ်လာခြင်းဖြင့် ပြည်သူများသည် နားလည် မှတ်မိနိုင်သည်။
- စည်းမျဉ်းများသည် အွန်လိုင်း ပရိဂရမ် ဖန်တီးပြီး ဂန်ထမ်းတစ်ဦးချင်းစီ၏ အခြေအနေကို ကူညီနိုင်ပြီး ၎င်းတို့ အကျိုးစီးပွား ပဋိပက္ခကို ဖြစ်စေသည်။ မန်နေဂျာများသည် အကြံပေးခြင်း၊ နစ်သိမ့်ဆွေးနွေးပေးခြင်းတို့ ပြုလုပ်နိုင်သည်။ သို့မဟုတ် စောင့်ကြည့်နိုင်သည်။

**မေးခွန်း၅**

ကေ့စ်တွင် ဆုံးဖြတ်ချက်ချမှတ်သူများသည် ဗျူရိုကရက် မပြောင်းလဲမှု သို့မဟုတ် ပိုင်ဆိုင်မှုများကို ကြေငြာရန် ငြင်းဆိုမှုကို ပြဿနာကို မီဒီယာများအာ မဟာဗျူဟာကျကျချဉ်းကပ်ကျော်လွှားနိုင်ခဲ့သည်။ အောက်ပါတို့မှ

မည်သည်ဖော်ပြချက်သည် မီဒီယာများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် ပြည်သူများ သတင်းများကို အာရုံစိုက်လာရန် အားပေးသည့်အချက်ဖြစ်သနည်း။

- သတင်းဖော်ပြချက်များသည် သူငယ်ချင်းမိတ်ဆွေများနှင့် မိသားစုများအား ၄င်းတို့၏ ဂုဏ်သိက္ခာကို ပြောင်းလဲစေသည်။ နိုင်ငံရေးအရလည်းကောင်း လူမှုရေးအရလည်းကောင်း အာဏာရှိသူသည် သတင်းစာထဲတွင် ၄င်းတို့မှားယွင်းမှုများကို ဖော်ပြလျှင် ထောက်ခံသူများ၊ မိတ်ဆွေများ၊ ဖိတ်ကြားမှုများ လျော့နည်းသွားနိုင်သည်။ သူတို့သည် အခြားသူများက သူတို့အား မည်သို့ပြောဆိုမည်ကို စိုးရိမ်လာကြသည်။
- သတင်းစာသည် ပြဿနာတစ်ခုကို ဖုံးကွယ်ထားလျှင် ပြည်သူများက အခြားအလားတူပြဿနာများ ဖော်ထုတ်ပြီး တားမြစ်နိုင်သည်။
- အစိုးရ မလုပ်ဆောင်မှုများနှင့် အကျိုးစီးပွား ပဋိပက္ခများကို တုန့်ပြန်ကြသည့် ပြည်သူများ၏ စိတ်ဆိုးဒေါသထွက်မှုများသည် အလားအလာရှိသည့် နိုင်ငံရေးသမား သို့ ဂန်ကြီးအား နောက်ရွေးကောက်ပွဲတွင် မဲနည်းစေနိုင်သည်။
- အထက်ပါအချက်များအားလုံးသည် နိုင်ငံတစ်ခုတွင် အရပ်ဘက်အဖွဲ့များသည် ပြဿနာများအား မဲပေးသူများနှင့် လူမျိုး၊ဘာသာ၊ဒေသခွဲခြားထားသည့် မဲမပေးသူများရှေ့တွင် ချပြနိုင်ရမည်။